မြန်မာခရစ်ယာန်မိသဟာယအသင်းတော်
Burmese Christian Fellowship

# †Newsletter - သတင်းလွှာ

Enjoy free reading from B.C.F. ___ Volume 10/Issue 8/ August/ 2017

| 2017 AUGUST | | | | | | |
|---|---|---|---|---|---|---|
| Sunday | Monday | Tuesday | Wednesday | Thursday | Friday | Saturday |
| | | 1 | 2 | 3 | 4 | 5 |
| 6 | 7 | 8 | 9 | 10 | 11 | 12 |
| 13 | 14 | 15 | 16 | 17 | 18 | 19 |
| 20 | 21 | 22 | 23 | 24 | 25 | 26 |
| 27 | 28 | 29 | 30 | 31 | | |

## 2017, B.C.F. August Events

**08/ 06/ 2017 … Holy Communion**
*(Sermon by Rev. Livingstone Zan)*
**08/ 13/ 2017 … Regular Sunday Service**
*(Sermon by Rev. Henry Ang)*
**08/ 20/ 2017 … Bible Day Service**
*(Sermon by Rev. Than Htun Myat)*
**08/ 27/ 2017 … Regular Sunday Service**
*(Sermon by Rev. Martin Nyun)*

***Every Service on Sunday 2:00PM at St. Luke's Episcopal Church.***
***Address … 1337 Farmstead Ave.***
***La Puente, CA 91745***
***Children Sunday School and Youth program … 2:12 PM***




**and Youth**

# ယနေ့ပင် – ကယ်တင်ရာနေ့ရက်
# ယခုပင် – ကယ်တင်ရာအချိန်

**ဘုရားသခင်၏ သားတော်ကို ယုံကြည်သောသူ အပေါင်းတို့သည် ပျက်စီးခြင်းသို့ မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှာ၊ ဘုရားသခင်သည် မိမိ၌ တစ်ပါးတည်းသော သားတော်ကို စွန့်တော်မူသည် တိုင်အောင် လောကီသား တို့ကို ချစ်တော်မူ၏။**
**ယော ၃း၁၆**

ကျွန်တော်သည် သူငယ်ချင်းတစ်ဦးအား ကယ်တင်ရှင်ယေရှုကိုလိုအပ်ကြောင်း နှစ်ပေါင်းများစွာ ပြောပြခဲ့သည်။ မကြာမီက သူသည် ကျွန်တော့်ထံသို့ အလည်ရောက်ရာ ခရစ်တော်ကို လက်ခံရန် ကျွန်တော် သူ့ကို ထပ်မံ၍ တိုက်တွန်းပါသည်။ သူငယ်ချင်းက ချက်ခြင်း ဆိုသလိုပင်၊ "ငါယေရှုကို ယုံကြည်ပြီး ဘုရားကျောင်းတက်ချင်ပါတယ်။ ဒါပေမဲ့ အခုတော့ မဟုတ်သေးပါဘူး၊ အခြား ယုံကြည်သက်ဝင်မှု အမျိုးမျိုးကြားမှာ ငါအခု နေနေတာ၊ ငါနေရာ မပြောင်းမချင်းတော့၊ ငါ့ယုံကြည်ခြင်းကို လေ့ကျင့်လို့ရမှာ မဟုတ်ဘူး''ဟု ပြန်ပြောပါသည်။

ပြစ်တင်ခံရခြင်း၊ ကဲ့ရဲ့ခံရခြင်း၊ သူ့မိသားစု၊ ဆွေမျိုး၊ အသိုင်းအဝန်း၊ အပေါင်းအဖော်၊ သူငယ်ချင်းများ၏ ဖိအားပေးမှု အမျိုးမျိုး စသည်ဖြင့် ဆုံးဖြတ်ချက်ကို ချဖို့အရေး နေ့ရွှေ့ညရွှေ့ ဆင်ခြေပေးနေသည်။ သူ့စိုးရိမ်မှုကလည်း တရားနည်းလမ်းကျပါသည်။ သို့သော် မည်သို့ပင် ဖြစ်လာပါစေ၊ သူ့ကို ဘုရားရှင်က စွန့်ပစ်မည်မဟုတ်ကြောင်း ကျွန်တော်ထပ်၍ အာမခံလိုက်သည်။ အချိန်မဆွဲဘဲ ဘုရား၏ဂရုပြုမှု၊ ကွယ်ကာမှုကို ကိုးစားရန် ကျွန်တော်သူ့ကို အားပေးပါသည်။ နောက်ဆုံးမှာ ဆင်ခြေဆင်လက်များ ပေးမနေတော့ဘဲ ခရစ်တော်၏ခွင့်လွှတ်မှုကို သူအမှန်ပင် လိုအပ်ကြောင်း ဝန်ခံကာ သူ၏ကယ်တင်ပိုင်ရှင် အဖြစ် ဖိတ်ခေါ်လက်ခံခဲ့ပါသည်။

လု ၉း၅၉–၆၂ တွင်လည်း၊ နောက်တော်လိုက်ရန် လူအပေါင်းတို့ကို ယေရှုရှင် ခေါ်ရာ၌လည်း လောကအမှုအရေးများ ပူပန်စရာများနှင့် အလုပ်များလျက် ဆင်ခြေပေးခဲ့ကြသည်။

ထိုသူအပေါင်းတို့အား ယေရှုခရစ်တော်က ပေးသောအဖြေမှာ– ဝိညာဉ်ကယ်တင်ခြင်း တည်းဟူသော ဘဝ၏အရေးကြီးဆုံးသော အရေးကို မခံစားရအောင် ဆင်ခြေများဖြင့် ပိတ်မထားရန် ကျွန်ုပ်တို့ကို တိုက်တွန်းနေပါသည်။ သင်၏အသက်တာကို သူ့ထံ အပ်နှံရန် ဘုရားသခင်၏ ခေါ်တော်မူသံကို သင်ကြားနေရပါလျှင် အချိန်မဆွဲပါနှင့်။

**"ယခုပင် နှစ်သက်ဖွယ်သော အချိန်ရှိ၏။ ယခုပင် ကယ်တင်ရာနေ့ရက်ကာလရှိ၏။"**
**၂ကော၊ ၆း၂**

ငါတို့သည် အပြစ်ရှိစဉ်ပင်၊
ခရစ်တော်သည် ငါတို့အတွက်ကြောင့်
အသေခံတော်မူသည်ဖြစ်၍၊
ဘုရားသခင်သည် ငါတို့ကို
အဘယ်မျှလောက် ချစ်တော်မူသည်ကို
ငါတို့အား ထင်ရှားစွာပြတော်မူ၏။
ရောမ၊၅း၈

အပြစ်တရား၏အခကား
သေခြင်းပေတည်း။
ဘုရားသခင် ပေးတော်မူသော
ဆုကျေးဇူးတော်ကား၊
ငါတို့သခင်ယေရှုခရစ်အားဖြင့်
ထာဝရအသက်ပေတည်း။
ရောမ၊၆း၂၃

# ရောင့်ရဲ တင်းတိမ် ခြင်း

ရွှေကျမ်းချက် – ဖိလိပ္ပိသြဝါဒစာ၊၄း၁၁။
ထိုသို့ငါဆိုသော်၊ ကိုယ်တိုင်ဆင်းရဲခြင်းကို ရည်မှတ်၍
ဆိုသည်မဟုတ်။ အကြောင်းမူကား၊ ငါသည်တွေ့ကြုံသမျှသော
အခြင်းအရာတို့၌ ရောင့်ရဲသောစိတ် ရှိအံ့သောငှါ သင်မိပြီ။

ရေး–John ma



တခါတုံးက၊ ဘုရင်တစ်ပါးသည် သူ၏ဥယျာဉ်၌ပန်းပင်အများစုမှာ လန်းလန်းဆန်းဆန်းမရှိဘဲ၊ ခြောက်သွေ့ပြီးသေခါနီးဖြစ်နေသည်ကို တွေ့ရသည်။သူသည် ဂိတ်ဝနားတွင်ရှိသော ဝက်သစ်ချပင်ကိုမည်ကဲ့သို့သော အခက်အခဲ ရှိသည်ကို စုံစမ်းမေးမြန်း လိုက်သည်။ ဝက်သစ်ချပင်ကလည်း သူသည် ဘဝကို ညည်းငွေ့ပြီး သေကြောင်းကြံစည်နေသည်။ အကြောင်းမူကား သူသည်ထင်းရှူးပင်ကဲ့သို့ မြင့်မားခြင်းနှင့် လှပတင့်တယ်ခြင်းမရှိဟု ဖြေကြားလိုက်သည်။

ထင်းရှူးပင်ကလည်းသူ၏ဘဝကိုစွန့်ပစ်ချင်နေသည်။အဘယ်ကြောင့်ဆိုသော်သူသည်မက်မွန်သီးပင်ကဲ့သို့မတ်မတ်မထောင်နိုင်သည့်အပြင် အသီးလည်းမက်မွန်သီးပင်ကဲ့သို့ မသီးနိုင်။ရေမွှေးပန်းကလည်းသူသည်Lilacပန်းပင်ကဲ့သို့ မြင့်ပြီးရနံ့မွှေးကြိုင်ခြင်းမရှိသောကြောင့် စိတ်ညစ်၍မနာလိုဝန်တိုဖြစ်ကာ၊ ရတက်မအေး ဖြစ်နေသည်။

ဤကဲ့သို့ပန်းပင်အများစုသည် သူများကိုယ့်ထက်သာသည်ကို ကြည့်ပြီး၊ ရောင့်ရဲတင်းတိမ်ခြင်းမရှိဘဲမနာလိုဝန်တိုဖြစ်ကြကာ၊ စိတ်မချမ်းမသာဖြစ်နေကြသဖြင့် စိတ်ထောင်း၍ကိုယ်ကြေ ဆိုသလို လန်းဆန်းခြင်းမရှိဘဲ၊ ခြောက်သွေ့နေကြကာ အသက်မဲ့နေကြသည်။ ။

# နိစ္စထာဝရဘုရား (GOD) နဲ့ လောက၏သင်္ခါရဘုရားများ (gods)

By Dr. Luke

လောက လူ့သက်တမ်း နှစ် ၆၀၀၀ အတွင်း လူမျိုးတိုင်း၌ ချီးမြှောက် ကိုးကွယ်ခဲ့ ကြတဲ့ ဘုရားပေါင်းသန်းပေါင်းများစွာရှိပြီ။ ဘယ်ဘုရားကို ကိုးကွယ်ရမလဲ?လို့ ရှာရင်း သေဆုံးသွားသူ သန်းပေါင်းများစွာရှိပြီ။ ရှာရင်း စိတ်ရှုပ်ကာ မိရိုးလာရိုးရာကိုးကွယ်မှုထဲ ပြန်လှည့်သွား သူလည်း သန်းပေါင်းများစွာ ရှိပြီ။

ဘုရားစစ်၊ ဘုရားမှန်ကို ရှာတွေ့သူအလွန်ရှားတယ်။ ဘုရားစစ်၊ ဘုရားမှန်ကို ရှာတွေ့သူများရဲ့ သက်သေခံချက်မှရော ဘုရားသခင် ကိုင်တိုင် ခွဲခြားပြနည်းမှရော တင်ပြပါမယ်။ ဘုရားသခင်က ဘုရားနှစ်မျိုး ရှိကြောင်း သမ္မာကျမ်းစာ၌ ရှင်းရှင်းပြတ်ပြတ် ခွဲခြားထားပါတယ်။ ဘုရားသခင် လမ်းညွှန်တဲ့ အတိုင်း သင် ပိုင်းခြားလေ့လာရင် ရက်တိုတိုနဲ့ ကယ်တင်ရှင်ဘုရားကို သင်တွေ့ရမယ်။

## လောက၏သင်္ခါရဘုရားများ (gods)

လောကဓံတရား အောက်မှာ တစ်ချိန်တစ်ခေတ်က ပေါ်လာတဲ့ ဘုရားကို ဒီလောကရဲ့ သင်္ခါရဘုရားများ ( gods ) လို့ခေါ်တယ်။ ဖြစ်ခြင်းရှိရင် ပျက်ခြင်းရှိတယ်။ ခေတ်အချိန်အခါအလိုက် ဖြစ်လာတဲ့ဘုရားဟာ လောကဓံ တရားအောက်မှာပဲ ကွယ်ပျောက်ကုန်တယ်။

လောကသင်္ခါရဘုရားများ ( gods ) များရဲ့တန်ခိုး၊ အချိန်နဲ့နေရာကို ထာဝရဘုရားက ကန့်သတ် ထားတယ်။ ဒီလောကရဲ့ ဘုရားက ဒီလောကကို ခဏသာ ပိုင်တယ်။ သူ့ထံမှာ တောင်းခံရင် ရွှေ၊ ငွေ၊ ဥစ္စာ၊ ဂုဏ်အသရေ၊ ရာထူး၊ အာဏာ ရနိုင်တယ်။

သူပေးတဲ့ ရွှေ၊ ငွေ၊ ဥစ္စာ၊ ဂုဏ်အသရေ . . . ကို သင်ယူပြီးရင်၊ သူကြိုးဆွဲသလို သင်လုပ်ရပြီး၊ သူ့စကားကို သင်နာခံရမယ်။ သင်မနာခံရင် သူပေးထားတာတွေကို သူပြန်နုတ်ယူလိမ့်မယ်။ သင့်အသက်ကိုပင် သူနုတ်ပစ်နိုင်တယ်။ ရူးသွပ်အောင်လည်း သူလုပ်တတ်တယ်။

ဒီလောကဘုရားများထံက ရွှေ၊ ငွေ၊ ဥစ္စာ၊ . . တွေက လွတ်လပ်ခွင့် မပေးနိုင်ဘူး။ ထိုအရာတွေနဲ့ ချည်နှောင်ထားတတ်တယ်။ လူရဲ့ အပြစ်နဲ့အကုသိုလ် ကိုလည်း မဖြေရှင်း၊ မချေဖျက် ပေးနိုင်ပါ။ ဒီလောကနဲ့ လောကကို တပ်မက်ခြင်းတွေ ကွယ်ပျောက်ကုန်မယ်။ လောက ဘုရားများလည်း စီရင်ခံရမယ်။ သင်္ခါရ လောကရဲ့ နေဥစ္စာ၊ ဂုဏ်အသရေ၊ ရာထူး . . . လည်း နောင်တမလွန် ဘဝကို သယ်မသွားနိုင်ဘူး။ လူမှာ .. ရုပ်သက်နဲ့နာမ်သက်၊ ရုပ်ခန္ဓာနဲ့နာမ်ဝိညာဉ် နှစ်ပိုင်း ရှိခြင်းကြောင့် နှစ်ဘဝ ရှိတယ်။ တိရိစ္ဆာန်ဘဲ ရုပ်သက်နဲ့တစ်ဘဝသာ အသက်ရှင် ခွင့်ရတယ်။ တိရိစ္ဆာန် သေပြီးရင် ငရဲမကျဘူး။ တိရိစ္ဆာန်က ဘုရားရှာစရာ မလိုဘူး။

လူဟာ သေပြီးရင် တရားစီရင်ခံရမယ်။ ဘုရားစစ် ဘုရားမှန်ကို စူးစမ်းဆက်သွယ်နိုင်တဲ့ နာမ်သိ = ဓမ္မအာရုံကို လူထဲမှာ ဘုရားသခင် ( GOD ) ဖန်ဆင်းထားခြင်းကြောင့် လူဟာ ဘုရားစစ် ဘုရားမှန်ကို အသက်ရှင်စဉ်မှာဘဲ ရှာတွေ့နိုင်တယ်။ မိမိကို ဖန်ဆင်းတဲ့ ဘုရားကို မရှာဘဲ သေသွားရင် ငရဲမှာ ပြစ်ဒဏ် ခံရလိမ့်မယ်။

## သတိ

လူသားတစ်ဦးစီတိုင်း လွတ်လပ်စွာ ရွေးချယ် ကိုးကွယ် ခွင့်ရှိပါတယ်။ လူတစ်ဦးချင်း မိမိရဲ့ လွတ်လပ်မှု၊ မိမိရဲ့ အခွင့်အရေး၊ မိမိ ရှာဖွေခဲ့တဲ့ အသိတရား၊ မိမိရဲ့ ယုံကြည်ခြင်း ကိုးကွယ်မှု ... အလိုက် စစ်ကြောစီရင်၍ ခံရတဲ့အခါ ကယ်တင်ရှင် ထာဝရဘုရားကို မယုံကြည်တဲ့ သူတွေဟာ ... ကိုယ်လုပ်ခဲ့တဲ့ အမှားအတွက် ကိုယ်တိုင်ခံရလိမ့်မယ်။

ဒါကြောင့် ဆင်ခြင်ပါ။

★ မိမိဦးဏှောက်ထက် သေးတဲ့ သဒ္ဒါရဘုရားများ ( gods ) ကို အားကိုးမလား။
မိမိဦးဏှောက်ထက် ကြီးတဲ့ နိစ္စထာဝရဘုရား ( GOD ) ကို အားကိုးမလား။

★ လူကို ဖန်ဆင်းတဲ့အရှင် = ဘုရားသခင်ကို ကိုးကွယ်မလား။
လူက ဖန်တီးတဲ့ အရာကို ဘုရားအဖြစ် ချီးမြှောက် ကိုးကွယ်မလား။

★ ကိုယ်နဲ့ အသိအမြင်တူ၊ ယုံကြည်ခြင်းတူ သူရဲ့ ဦးဆောင်သွန်သင်မှုကို ခံယူရင် သူမသာ ကိုယ်မသာ ဖြစ်မယ်။
ကိုယ်နဲ့ အသိအမြင်မတူ၊ အရည်အချင်း မတူသူထံ လေ့လာဆည်းပူးမှ ကိုယ့်ဘဝရဲ့ အလျား၊ အနံ၊ အမြင့်၊ အနက် တိုးတက် မြင့်မား လာမယ်။

★ မိမိရဲ့ မာန်မာန၊ အစွဲအလန်း၊ အယူသီးမှု ... များက မိမိကို ဘောင်ခတ်ချုပ်နှောင် ထားခြင်း ကြောင့် လွတ်လပ်စွာ တိုးတက်ခွင့် မရှိခြင်း ဖြစ်တယ်။

**လောကကိုငင်း၊ လောက၌ရှိသော အရာတို့ကိုငင်း၊ မချစ်ကြနှင့်။**
**လောကကိုချစ်သောသူ မည်သည်ကား၊ ထာဝရဘုရားကို ချစ်ခြင်းမေတ္တာမရှိ။**
**လောက၌ရှိသမျှသော အရာတည်းဟူသော ကိုယ်ကာယတပ်မက်ခြင်း၊**
**မျက်စိတပ်မက်ခြင်း၊ လောကီစည်းစိမ်၌ ဝါကြွားခြင်းတို့သည်**
**ထာဝရဘုရားနှင့်မစပ်ဆိုင်၊ လောကနှင့်သာစပ်ဆိုင်၏။**
**လောကနှင့် လောကီတပ်မက်ခြင်းသည် ရွေ့သွားကွယ်ပျောက် တတ်၏။**
**ဘုရားသခင်၏ အလိုတော်နှင့်အညီ ကျင့်သောသူမူကား၊ နိစ္စထာဝရ တည်၏။**

ကျမ်းညွှန်း၊– ယော၁၃း၁၆၊၁၈၊၃၆။ ဖိ၁၀။ ၁၂း၃၁။ ၁၆း၁၁။ ၁ယော၂း၁၅–၁၇။ ၄း၉၊၁၀။ ဖေက်၂း၂၄။ ၂ကော၄း၄။ ဂလာတိ၁း၄။ ရောမ၅း၈။ ၈း၃၂။ တိတု၃း၄

------------------------------------------------------

# ဘုရားသခင်မိန့်တော်မူသောစကားများ

ထွက်မြောက်ရာကျမ်း။၂၀း၁–၁၇

ဘုရားသခင် မိန့်တော်မူသောစကားများဟူမူကား ... ...

**ငါသည် သင့်ကို ကျွန်ခံနေရာ အဲဂုတ္တုပြည်မှ ကယ်နှုတ်ဆောင်ယူခဲ့ပြီးသော သင်၏ ဘုရားသခင် ထာဝရဘုရား ဖြစ်၏။ ငါမှတပါးအခြားသောဘုရားကို မကိုးကွယ်နှင့်။ အထက် မိုဃ်းကောင်းကင်၌ငင်း၊ အောက်အရပ်မြေကြီးပေါ်၌ငင်း၊ မြေကြီးအောက် ရေထဲ၌ငင်း ရှိသောအရာနှင့် ပုံသဏ္ဍာန်တူအောင်၊ ရုပ်တုဆင်းတုကို ကိုယ်အဘို့ မလုပ်နှင့်။ ဦးမချဝတ်မပြုနှင့်။** အကြောင်းမူကား၊ သင်၏ဘုရားသခင် ငါထာဝရဘုရားသည်၊ သင်၌အပြစ်ရှိသည်ဟု ယုံလွယ်သောဘုရား၊ ငါ့ကိုမုန်းသော သူတို့၏ အမျိုးအစဉ်အဆက်၊ တတိယအဆက်၊ စတုတ္ထအဆက် တိုင်အောင်၊ အဘတို့၏အပြစ်ကို သားတို့၌ ဆပ်ပေးစီရင်သော ဘုရား၊ ငါ့ကိုချစ်၍ ငါ့ပညတ်တို့ကို ကျင့်သော သူတို့၏ အမျိုးအစဉ်အဆက် အထောင် အသောင်း တိုင်အောင်၊ ကရုဏာကိုပြသော ဘုရား ဖြစ်၏။

**သင်၏ဘုရားသခင် ထာဝရဘုရား၏ နာမတော်ကို မုသာနှင့်ဆိုင်၍ မမြွက်မဆိုနှင့်။** အကြောင်းမူကား၊ နာမတော်ကို မုသာနှင့်ဆိုင်၍ မြွက်ဆိုသောသူကို အပြစ်မရှိ ဟု ထာဝရဘုရား မှတ်တော်မမူ။

**ဥပုသ်နေ့ကို သန့်ရှင်းစေခြင်းငှါ၊ ထိုနေ့ရက်ကို အောက်မေ့လော့။** ခြောက်ရက် ပတ်လုံး အလုပ်မျိုးကို ကြိုးစား၍ လုပ်ဆောင်လော့။ သတ္တမနေ့ရက်သည် သင်၏ဘုရားသခင် ထာဝရဘုရား၏ ဥပုသ်နေ့ဖြစ်၏။ ထိုနေ့၌ သင်မှစ၍ သင်၏သား သမီး၊ ကျွန်ယောကျ်ား မိန်းမ၊ တိရစ္ဆာန်။ သင်၏တံခါးအတွင်း၌ နေသော ဧည့်သည် အာ ဂန္တုသည် အလုပ်မလုပ်ရ။ အကြောင်းမူကား၊ ထာဝရဘုရားသည် မိုဃ်းကောင်း ကင်၊ မြေကြီး၊ သမုဒ္ဒရာ၊ အရပ်ရပ်၌ ရှိသမျှတို့ကို ခြောက်ရက် တွင် ဖန်ဆင်း၍ သတ္တမ နေရက်၌ ငြိမ်ဝပ်စွာနေတော်မူ၏။ ထို့ကြောင့် ထာဝရဘုရားသည် သတ္တမနေ့ရက်ကို ကောင်းကြီးပေး၍ သန့်ရှင်းစေတော်မူ၏။

သင်၏ဘုရားသခင် ထာဝရဘုရားပေးသနားတော်မူသော ပြည်၌ သင်၏ အသက်တာ ရှည်မည်အကြောင်း၊ **သင်၏မိဘကိုရိုသေစွာ ပြုလော့။ လူအသက်ကိုမသတ်နှင့်။ သူ့မယားကိုမပြစ် မှားနှင့်။ သူ့ဥစ္စာကို မခိုးနှင့်။ ကိုယ်နှင့် စပ်ဆိုင်သော သူတဘက်၌ မမှန်သော သက်သေကို မခံနှင့်။ ကိုယ်နှင့် စပ်ဆိုင်သောသူ၏ အိမ်ကို တပ်မက်လို ချင်သောစိတ် မရှိစေနှင့်။** ကိုယ်နှင့်စပ်ဆိုင်သောသူ၏ မယား၊ သူ၏ကျွန် ယောကျ်ား မိန်းမ၊ နွား၊ မြည်းမှစ၍ ကိုယ်နှင့် စပ်ဆိုင်သောသူ၏ ဥစ္စာတစုံတခု ကိုမျှ တပ်မက်လို ချင်သောစိတ် မရှိစေနှင့် ဟုမိန့်တော်မူ၏။

# ယုံကြည်ခြင်းနှင့်ခိုင်ခံ့ခြင်း

**ကောရိန္တုဩဝါဒစာပဌမစောင်။၁၆း၁၃**
သင်တို့သည် ယုံကြည်ခြင်း၌ တည်ကြလော့။

**ရှင်ယာကုပ်ဩဝါဒစာ။၂း၂၆**
ဝိညာဉ်နှင့်ကင်း သောကိုယ်သည်အသေဖြစ်သကဲ့သို့၊
အကျင့်နှင့်ကင်းသော ယုံကြည်ခြင်းသည် အသေဖြစ်၏။

**ဟေဗြဲဩဝါဒစာ။၁၁း၁**
ယုံကြည်ခြင်းသည် မြော်လင့်သောအရာတို့ကို မျက်မှောက်ပြုခြင်းဖြစ်၏။
မမြင်သေးသောအရာတို့ကို သိမှတ်စွဲလမ်းခြင်း အကြောင်းဖြစ်၏။

**ဟေရှာယအနာဂတ္တိကျမ်း။၄၁း၁၀**
မစိုးရိမ်နှင့်။ ငါသည် သင့်ဘက်မှာရှိ၏။ မကြောက်နှင့်။ သင်၏ ဘုရားသခင်
ငါသည်သင့်ကိုခိုင်ခံ့စေမည်။ သင့်ကိုစောင့်မမည်။ ငါ့သစ္စာလက်ျာလက်ဖြင့် ထောက်ပင့်မည်။




# တန်ခိုးပါသောဘုရားသခင်၏သမ္မာကျမ်းစာ

**ဘုရားသခင်၏သမ္မာကျမ်းစာကို မှန်မှန်ဖတ်ပါက ...**
** မိမိ အသက်တာသည် အဆင့်နိမ့်ရာမှ အဆင့်မြင့် သွားမည်။
** ဝိဉာဉ်အားမဲ့ရာမှ ဝိဉာဉ်ခွန်အားရပြီး ပြောင်းလဲသွားပေမည်။
** ကိုယ်လျှောက်ရမည့်လမ်းခရီးသည် ထင်ရှားစွာ ကိုယ့်ရှေ့မှောက်မှာ ပေါ်လွင်နေပေမည်။
**စားဝတ်နေရေး၊ ပေါင်းသင်းဆက်ဆံရေး၊ စသည်တို့တွင် အဆင်ပြေလျက် ရှိနေမည်။
** ကြီးပွားမည်။ တိုးတက်မည်။ အောင်မြင်မည်။ အသက်ရှည်မည်။

---

**ဘုရားသခင်၏သမ္မာကျမ်းစာအုပ်ကို ...**
** အိမ်တိုင်းမှာ ရှိပါစေ။
** တယောက် တအုပ် ရှိပါစေ။
** ကျမ်းစာအုပ်နှင့် ဆုချကြပါ။
** ကျမ်းစာအုပ်နှင့် လက်ဆောင်ပေးကြပါ။
** ကျမ်းစာအုပ်တစ်အုပ် ဖြစ်ဖြစ်၊ ကျမ်းပိုဒ်များဖြစ်ဖြစ်ဝယ်ပြီး ဝေငှဖြန့်ဖြူးပါ။

